# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း
## မုန်တောင်(ရွာသစ်)ကျေးရွာ
## မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း
# (၂၀၁၇-၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မုန်တောင်(ရွာသစ်)ကျေးရွာ၊ မင်းဘူးမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ

# မုန်တောင်(ရွာသစ်)ကျေးရွာ

# မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇- ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

မုန်တောင်(ရွာသစ်)ကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ

# မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ဘုမ္မနိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၂

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား

ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀

**ကိုးကားစာရင်း** ၇၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>
မုန်တောင်(ရွာသစ်)ကျေးရွာ<br>
မင်းဘူးမြို့နယ်

## မုန်တောင်(ရွာသစ်)ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ် အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနိုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

မုန်တောင်(ရွာသစ်)ကျေးရွာသည် မင်းဘူးမြို့၏ အနောက်တောင်ဘက် (၁၅)မိုင်အကွာတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မင်းဘူးမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများဖြစ်ကြသည်။ ဒေသမှာ မြန်မာပြည် အလယ်ပိုင်းတွင် တည်ရှိ၍ မိုးရွာသွန်းမှု နည်းပါသည်။ အဝီစိတွင်းရေဖြင့်သာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ကြသည်။ နှမ်းနှင့် ပဲအမျိုးမျိုးတို့ကို ရာသီအလိုက် စိုက်ပျိုးကြသည်။

ကျေးရွာ၏အရှေ့ဘက်(၂)ဖာလုံခန့်တွင် အင်းဒိုင်းကုန်းတန်းရှိသည်။ အနောက်ဘက်တွင် ကျယ်ပြန့်သော ဆားပွက်သဲချောင်းရှိပါသည်။ ချောင်း၏ အနောက်ဘက် (၄) ဖာလုံခန့် အကွာတွင်လည်း အင်းဒိုင်း ကုန်းတန်းရှိပါသည်။ မိုးရာသီတွင် ဆားပွက်ချောင်းရေများ တိုးလာခြင်းကြောင့် ယာမြေများ ပျက်စီးဆုံးရှုံးမှုများ အန္တရာယ်ရှိနေပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် မည်သည့်သဘာဝ သယံဇာတပစ္စည်းများ မထွက်ရှိပါ။ ယာမြေအသင့်အတင့်ရှိပြီး သဘာဝမိုးရေဖြင့် နှမ်းနှင့်ပဲမျိုးစုံကို စိုက်ပျိုးကြသည်။ မိုးလေဝသ စီလျော်သောနှစ်တွင် သီးနှံများရရှိမှု အဆင်ပြေကြပါသည်။ ရာသီဥတု ပုံမှန်မဟုတ်သောကြောင့် စီးပွားရေး ပြေလည်မှု နည်းပါးကြသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

မုန်တောင်(ရွာသစ်) ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၈၉) စုနှင့် ကျား(၆၃၉)ဦး၊ မ(၇၀၃)ဦးဖြင့် လူဦးရေပေါင်း (၁၃၄၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။ ကျေးရွာလူဦးရေ၏ ၅၀% သည် အလုပ်လုပ်နိုင်သော အရွယ်များဖြစ်သော်ကြောင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စွမ်းဆောင်နိုင်ပါသည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကဝင်ငွေရရှိသော ရွာလေးဖြစ်ပါသည်။ တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ နည်းပါးလှပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် (၄)ဆင့် ခွဲခြားထားသည်။ အဆင့်(၁)မှာ ၈% ၊ အဆင့်(၂)မှာ ၂၂% ၊ အဆင့်(၃)မှာ ၃၆%နှင့် အဆင့်(၄) မှာ ၃၄% ရှိကြပါသည်။ ထို့ကြောင့် စီးပွားရေးအနေအထားကောင်းသည်ဟု မပြောနိုင်ပါ။ ယာလုပ်တောင်သူ ၃၆ % နှင့် ယာမြေမဲ့အိမ်ထောင်စု ၃၄% ရှိပါသည်။ ယာလုပ်တောင်သူ များသော်လည်း မိုးလေဝသ ဖောက်ပြန်မှုများကြောင့် စီးပွားရေးအဆင်မပြေမှုများ ရှိပါသည်။ အချို့သော အိမ်ထောင်စုများမှာ ပြည်တွင်း၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကြရပါသည်။ အချို့မှာ လက်သမား၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း များ အစရှိသော အလုပ်အကိုင်များကို ရှာဖွေလုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ ၆၉.၅၅% မှာ ဆင်းရဲ၊ အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများဖြစ်ပြီး ၃၀% ချမ်းသာအဆင့် ရှိကြပါသည်။ အချို့မှာလည်း ဝန်ထမ်းများဖြစ်ကြ သည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာ၏ ၆၉.၅၅% မှာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြ သည်။ လေ့လာစမ်းစစ်မှုအရ သူတစ်ပါးထံမှ ချေးငွေပြီးနပ်မှန်စွာ စားသုံးနိုင်ကြောင်း၊ သုံးလ ခန့်အောက်သာ စားသုံးနိုင်ကြသည်။ ၈.၃၃% မှာ အဆင်ပြေသော အိမ်ထောင်စုများဖြစ်၍ ၆လ မှ ၁၂လ ခန့်သည် သူတစ်ပါးထံမှ ချေးငှားစရာမလိုပဲ နပ်မှန်စွာ စားသုံးနိုင်ကြသည်။ အကြွေးတင်ရှိသော အိမ်ထောင်စုများအားလုံးတွင် အကြွေးငွေ တစ်သိန်းကျပ်မှ သိန်း နှစ်ဆယ်ကျပ်အထိ အကြွေးတင်ရှိနေကြောင်း တွေ့ရှိရသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ အနည်းငယ်ရှိပါသည်။ ၎င်းအိမ်ထောင်စုများသည် ဆင်းရဲသော မိသားစု များဖြစ်၍ မိသားစုဦးရေ များပြားသည်။ မုဆိုးဖို၊ တစ်ခုလပ် ဦးဆောင်သော အိမ်ထောင်စု အနည်းငယ်သာရှိ၍ ဆင်းရဲကာ ထိခိုက်လွယ်သော အိမ်ထောင်စုဖြစ်သည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာကြသည်။ ကလေးအများစုမှာ သွေးလွန်တုပ်ကွေးရောဂါ တစ်ခါတစ်ရံ ဖြစ်တတ်သည်မှ လွဲ၍ ကျန်းမာကြပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ရွာသူရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးလက်ကျန်းမာရေးဌာနနှင့် မုန်တောင်တိုက်နယ်ဆေးရုံ ရှိခြင်းကြောင့် ရရှိပါသည်။ ကျေးရွာတွင် ရေတုံကင်၊ အင်ဂျင်သုံး ရေတင်စနစ်ရှိခြင်းကြောင့် ရေကို အလွယ်တကူရရှိပြီး ဝမ်းပျက်ဝမ်းလျှောတိုက်ဖွိုက် စသောရောဂါများဖြစ်ပွားမှု နည်းပါးကြောင်းတွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံပညာရေး ပြီးမြောက်ကြသူများဖြစ်ကြပြီး ဘွဲ့ရအရေအတွက်လည်း တော်တော်များသည်။ ကျေးရွာ၏ ပညာရေးကို အထက်တန်းကျောင်းခွဲ (မုန်တောင်) တွင် တက်ရောက်သင်ကြားနိုင်သည်။ သို့သော် စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်သည်။ ထို့ကြောင့် ငယ်ရွယ်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားသည် လွတ်လပ်မှုရှိသည်။ ကျား-မဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူ့အဖွဲ့အစည်း၏ စံနှုန်းများအရ သတ်မှတ်ထားသည်။ ကျား နှင့် မ အကြား အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့်တန်းတူအခွင့်အရေး ရှိပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းသော်လည်း အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် မိန်းကလေးအရေအတွက်မှာ ပိုများသည်ကိုတွေ့ရသည်။ထို့ကြောင့် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပင် ဖြစ်ပါသည်။ သို့သော် လုပ်အားခတွင် အမျိုးသားများကပိုမို ရရှိကြပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများ တွင်မူ အမျိုးသမီးပါဝင်မှု အလွန်လျော့နည်းသည်။ ကျား-မ တန်းတူရေးနှင့် ပတ်သက်၍ အသိပညာ

ပေးခြင်းများမြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၃)ဖွဲ့ရှိပါသည်။ ဘာသာရေးတွင် ဂေါပက အဖွဲ့၊ ပညာရေးတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ဘက်စုံဖွံ့ဖြိုးရေးတွင် အနာဂတ် ရောင်ခြည် ပရဟိတအဖွဲ့တို့ဖြစ်ကြသည်။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု မရှိသော်လည်း ဘာသာရေး၊ ယဉ်ကျေးမှု၊ နာရေး၊ သာရေးကိစ္စများတွင် ရပ်ဝေလှ့၊ ရွာဝေလှ့အရ ဆောင်ရွက် ပြီးစီး အောင်မြင်မှုရှိသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြသည်။ အဖွဲ့အစည်း များကြား စွမ်းဆောင်မှုမြှင့်တင်ရေး သင်တန်းများရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် နှမ်းနှင့် ပဲမျိုးစုံကို စိုက်ပျိုးကြသည်။ နှမ်းစိုက်ဧက (၄၀၀)ဧက၊ ပဲတီစိမ်းစိုက်ဧက (၈၃၅)ဧကရှိသည်။ သီးထပ်အဖြစ် ကြက်သွန်စိုက်ပျိုးပြီး သီးညှပ်အဖြစ် ပဲစဉ်းငုံနှင့် ပဲကြီးတို့ကို စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှု များရရှိပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီ များမှလဲ တောင်သူများအတွက် ဝန်ဆောင်မှုပေးသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာ ကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှသာ အလုပ်သမားများကို ရရှိနိုင်ကြကာ ကုန်ကျ စရိတ်မြင့်မားသည်။ သဘာဝမိုးရေကိုသာ အဓိကအားထားရသောကြောင့် မိုးရွာသွန်းမှု မညီမျှခြင်းများ ကြုံတွေ့ရသည်။ စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းပိုး များသည် ပိုးသတ်ဆေးတစ်ချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကို လိုလားနေ ကြသည်။

ကျေးရွာတွင် ကြက်နှင့် ဝက်တို့ကို စိုက်ပျိုးရေးနှင့် တွဲဖက်၍ တစ်နိုင်တစ်ပိုင်သာ လုပ်ကိုင်ကြသည်။

## (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းစုများမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားခြင်းမှာ အလာကောင်းတစ်ရပ် ဖြစ်သည်။ ရွာသားအများစုသည် အပ်ချုပ်၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ဝပ်လှော့ စသည်တို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် ထိတွေ့မှုနည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း နိမ့်ကျသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် နှမ်းနှင့် ပဲစိုက်ခင်းများကို ဖျက်ပိုးများ ကျရောက်သောကြောင့် ပိုးသတ်ဆေးနှင့် ဝတ္ထုမြေဩဇာ သုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ မီးဖိုချောင်သုံးပစ္စည်းများနှင့် အခြားပစ္စည်းများကိုလည်း မြေကြီးများတူး၍ စနစ်တကျ စွန့်ပစ်တတ်စေရန် အသိပညာပေးမှုများဖြင့် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းတက်အောင် ဆောင်ရွက်ပေးသင့်ပါသည်။

ကျေးရွာ၏ အနောက်ဘက်ခြမ်းတွင် ဆားပွက်ချောင်းရှိ၍ မိုးတွင်းကာလတွင် ချောင်းအထက်ပိုင်း၌ မိုးရွာသွန်းမှုများပြားကာ ချောင်းရေကြီးမှုကြောင့် ကမ်းပါးများ ပြိုကျပျက်စီးမှုများရှိခဲ့သည်။ ရခိုင်ရိုးမ၏ အရှေ့ဘက် မလှမ်းမကမ်းတွင်တည်ရှိ၍ မုန်တိုင်းအန္တရာယ်မှာ အလွန်နည်းသည်။ မုန်တိုင်းဝင်ရောက်ချိန်တွင် တစ်ခါတစ်ရံ မိုးသီးထန်စွာ ရွာသွန်းတတ်ပါသည်။၎င်းအချိန်တွင် ရေကြီးမှုများဖြစ်၍ ရေအန္တရာယ်ကျရောက်သည်အထိ မဆိုးဝါးလှပါ။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့စိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးရေးစရိတ်ချေးငွေများကို ကျေးရွာနေ တောင်သူများမှ ထုတ်ချေးအသုံးပြုရပါသည်။ စိုက်ဘဏ်မှ ထုတ်ချေးငွေမှာ တစ်ဧကလျှင် နှစ်သောင်းကျပ်သာဖြစ်၍ တစ်ဧက၏ အမှန်တကယ်ကုန်ကျစရိတ်ကို အခြားသူများထံမှ ချေးယူစိုက်ပျိုးကြရသည်။ ထိုချေးငွေများမှာ အတိုးနှုန်းများသဖြင့် ချေးယူလိုခြင်း မရှိကြ၍ စိုက်ဘဏ်မှ

တစ်ကေလျှင် တစ်သိန်းကျပ် ထုတ်ချေးပေးလျှင် တောင်သူများ၏ ငွေကြေးဆိုင်ရာ အခက်အခဲများ ပိုမိုအဆင်ပြေနိုင်ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာရှိ မူလတန်းကျောင်းကို အလျား ၁၂၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ နှင့် အလျား ၁၃၈ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၂၂ ပေ၊ အလယ်တန်းကျောင်းဆောင်မှာ အလျား ၁၂၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ နှင့် အလျား ၉၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ၊ အထက်တန်းကျောင်းဆောင်မှာ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ နှင့် အလျား ၁၂၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ ရှိပြီး သွပ်မိုး၊ အုတ်ကာ၊ တမံသလင်း ခင်းထားပါသည်။ ဘုန်းကြီးကျောင်းပညာရေးကို လူဦးရေ၏ ၆% ခန့်သာသင်ကြရသည်။ ကျေးရွာ၏ ကျန် လူဦးရေအားလုံးမှာ ရေးတက်ဖက်တက်ကြသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်ခြင်း မရှိပါ။ ကျောင်းတွင် ဆရာ/မအင်အား လုံလောက်မှုရှိပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးနှင့် တိုက်နယ်ဆေးရုံရှိပါသည်။ ဓာတ်မှန်ခန်းနှင့် ဆက်စပ်ပစ္စည်းများကို ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ထောင်ထားသော ဓာတ်မှန်ဆရာဝန် မရှိသေးပါ။ ဆေးရုံတွင် ဆေးသိုလှောင်ထားရန် ရေခဲသေတ္တာ မရှိသေးပါ။ စက်တပ်အဝီစိတွင်းနှင့် လက်နှိမ်ရေတုန်ကင်တို့ဖြင့် သောက်သုံးရေကို လုံလောက်စွာ သုံးစွဲနိုင်ပါသည်။ ကျေးရွာတစ်ရွာနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကျပါသည်။ ထို့ကြောင့် ရေနှင့် ယင်ကောင်ကြောင့် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုနည်းပါးသည်။ ကျောင်းတွင်လည်း ကျန်းမာရေးပညာပေးခြင်းအနေဖြင့် အိမ်သာကို စနစ်တကျ ဆောက်လုပ်သုံးစွဲတတ်ရန် ကျောင်းသူ၊ ကျောင်းသားများအား တစ်နှစ်တစ်ကြိမ် ပညာပေး ဟောပြောပွဲများ ပြုလုပ်သည်။

## (ဆ)လူငယ်နှင့် ယဥ်ကျေးမှု

ကျေးလက်နေလူငယ်များဖြစ်၍ ဘောလီဘော၊ ပိုက်ကျော်ခြင်းကစားခြင်းတို့ဖြင့် အနားယူလေ့ရှိသည်။ လူငယ်အများစုသည် လူမှုရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်း သန့်ရှင်းရေးများတွင် တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။ ရိုးရာပွဲများဖြစ်ကြသော သင်္ကြန်ပွဲ၊ တန်ဆောင်တိုင်ပွဲများနှင့် ဘာသာရေးပွဲများ ဖြစ်ကြသော ဘုရားပွဲ၊ ကထိန်ပွဲတို့တွင် ယဥ်ကျေးမှုနှင့်အညီ စည်းလုံးညီညွတ်စွာ ပါဝင်ဆင်နွဲကြပါသည်။

## (ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တိုက်နယ်ဆေးရုံနှင့် ရွာအကြားတွင် ၁၂' x ၁၅' x ၇' အကျယ် သံကူကွန်ကရစ်တံတား တစ်စင်းရှိပါသည်။ ကျေးရွာတွင်းရှိ လမ်းများမှာ မြေသားလမ်းများ ဖြစ်ကြသည်။ (၁၅)မိုင်အကွာရှိ မင်းဘူးမြို့သို့ မြေသားလမ်းဖြင့် ခင်းကျင်းဆက်သွယ်ဖောက်

လုပ်ထားသည်။ လမ်းပန်းဆက်သွယ်ရေးတွင် ကားနှင့် ဆိုင်ကယ်များကိုသာ အသုံးပြု သွားလာရသည်။ မိုးတွင်းကာလတွင် ဆားပွက်ချောင်းရေကြီးမှုကြောင့် သွားလာရန် အလွန်ပင်ခက်ခဲလှပါသည်။

လျှပ်စစ်မီးရရှိခြင်း မရှိသေးပါ။ ဆိုလာမီးကိုသာ အသုံးပြုနေရပါသည်။ ကျေးရွာတွင် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများအတွက် မိုဘိုင်းဖုန်းများကို ဆက်သွယ်အသုံးပြုကြသည်။ ရွာသူရွာသားများသည် သတင်း၊ ဂျာနယ်နှင့် စာပေ ဖတ်ရှုမှုနည်းသော်လည်း မိုဘိုင်းဖုန်းများ ဖြင့် သတင်းများကို လေ့လာမှုများရှိပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ပြည်သူ့ရဲဌာနရှိ၍ တည်ငြိမ်အေးချမ်းပြီး ရာဇဝတ်မှုနည်းပါးသည်။ ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေရန် မိုဘိုင်းဖုန်းများဖြင့် ဆက်သွယ်ချိတ်ဆက်ကာ ဈေးကွက်အဆင်ပြေမှုများလည်း ရှိကြပါသည်။ ကျေးရွာတွင် သဘာဝမီးဘေးအန္တရာယ် လျော့ပါးရေးအတွက် အစီအစဉ်များ ရေးဆွဲကာ သတိပေးဆိုးဘုတ်များ နေရာတိုင်းတွင် ချိတ်ဆွဲထားသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ**

ကျေးရွာတွင် အဝီစိတွင်းရေရရှိခြင်းဖြင့် စိုက်ပျိုးရေးများ ဖွံ့ဖြိုးတိုးတက်၍ လူနေမှု အဆင့်အတန်း မြင့်မားစေရန် သဘာဝအထောက်အပံ့ဖြစ်နေပါသည်။ စိုက်ပျိုးရေးကို အဓိက ထားရသော ကျေးရွာဖြစ်ပါသည်။ ထို့ကြောင့် နည်းပညာအရင်းအနှီးပြည့်စုံလျှင် ဖွံ့ဖြိုး တိုးတက်လာနိုင်ပါသည်။ ပညာရေးအနေဖြင့် အထက်တန်းကျောင်းခွဲရှိ၍ ကျောင်းသား/သူ ပေါင်း ၇၀၀ ခန့်ရှိပါသည်။ လူငယ်အများစုမှာ ပညာတတ်မြောက်မှုများသော်လည်း အသက် မွေးဝမ်းကျောင်းပညာရပ်တွင် အားနည်းမှုများရှိကြသည်။ ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိ၍ ကျန်းမာရေးပညာပေး စောင့်ရှောက်မှုများလည်း အလွယ်တကူ ရရှိနိုင်ကြသည်။

ယာမြေအများစုမှာ မြေဩဇာ အသင့်အတင့် ကောင်းမွန်ကြသည်။ သီးနှံများကိုလည်း ရာသီအလိုက် စိုက်ပျိုးကြသည်။ ထွက်ရှိသော သီးနှံများကို ကျေးရွာနှင့် (၁၅)မိုင်အကွာတွင် ရှိသော မင်းဘူးသို့ ကူးသန်းသွားလာရောင်းဝယ်ကြသည်။ ဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်၍ ဈေးကွက် အဆင်ပြေချောမွေ့မှုများလည်း ရှိပါသည်။ ကျေးရွာတွင် ဆိတ်၊

ဝက်၊ ကြက်၊ နွားများကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ စီးပွားဖြစ် မွေးမြူခြင်း မရှိသော်လည်း ဝင်ငွေရရှိမှုကို တစ်ဖက်တစ်လမ်းမှ ထောက်ပံ့မှု ဖြစ်စေပါသည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာတွင် မြေဆီမြေသြဇာ အသင့်အတင့်ကောင်းမွန်သော ယာမြေများရှိကြသည်။ ဆားပွက်ချောင်း၏ တိုက်စားမှုကြောင့် ယာမြေများ တိုးချဲ့ရန်ခက်ခဲသည်။ အဝီစိတွင်းရေကိုသာ အဓိကထားစိုက်ပျိုးရ၍ သီးနှံအထွက်နှုန်း တိုးတက်စေရန် ဆောင်ရွက်ကြသည်။ သို့သော် ရာသီဥတုဖောက်ပြန်၍ သီးနှံဖျက်ပိုးများ ကျရောက်မှုများလည်း ရှိတတ်ပါသည်။ ဓာတုပိုးသတ်ဆေးများ သုံးစွဲရာတွင် စနစ်တကျသုံးစွဲမှုအားနည်း၍ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးရန်လိုအပ်သည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီများမှာ ဖျက်ပိုးနှိမ်နင်းရေးနှင့် ဓာတုပိုးသတ်ဆေး စနစ်တကျသုံးစွဲတတ်စေရန် နည်းပညာပေးဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ ကျေးရွာနေလူထုများ ဝင်ငွေတိုးကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ အသက်မွေးသင်တန်းရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျေးရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အရင်းအနှီးငွေနည်းပညာတို့ကို အသုံးချနိုင်အောင် စွမ်းဆောင်၍ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားပါမည်။ Pact Myanmar နှင့် အခြားနေရာများကို ချိတ်ဆက်၍ အရင်းအနှီးငွေများကို ရရှိစေပါသည်။ ရရှိသောငွေများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့တွင် ကဏ္ဍာအလိုက် ခွဲဝေသုံးစွဲပေးသည်။ ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို အရှိန်မြှင့်တင်နိုင်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာများကို ပြင်ပကုမ္ပဏီများ၊ သက်ဆိုင်ရာဌာနတို့နှင့် ချိတ်ဆက်၍ စိုက်မွေးကဏ္ဍများ တိုးတက်စေရန် ဆောင်ရွက်သွားမည်။ ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာများကို သင်တန်းတက်ထားသူများက ကိုယ်ပိုင်လုပ်များတွင် အသုံးချ၍ ရွာသူရွာသားများကို ပြန်လည်ပို့ချ၍ တိုးတက်ရေးကို ဆောင်ရွက်သွားမည်။

(ခ.၂) ကျေးရွာတွင် ဘက်စုံနည်းပညာ တိုးတက်ရန်အတွက် အပ်ချုပ်၊ ဆံပင်ညှပ်၊ မော်တော်ဆိုင်ကယ်ပြင် စသောသင်တန်းများကို သင်တန်းသားများ တက်ရောက်နိုင်ရန် စီစဉ်ပေးပါမည်။ ကျေးရွာတွင် ဤသင်တန်းသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားစေရန်နှင့် ဝင်ငွေရရှိတိုးချဲ့နိုင်ရန် လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးမည်။

(ခ.၃) ကျေးရွာတွင် ဆေးရုံဆေးခန်းနှင့် ကျောင်းတို့၏ ဥပဓိရုပ်လှပခန့်ညားမှုရှိစေရန် ကျေးရွာနေလူငယ်များနှင့် ဆွေးနွေး၍ တိုးမြှင့်ဆောင်ရွက်သွားပါမည်။ ကျန်းမာရေးနှင့် ပညာရေးတို့တွင် ကဏ္ဍအလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဝန်ထမ်းများရရှိနိုင်ရန် ဆေးရုံကော်မတီ၊ ကျောင်းကော်မတီတို့အနေဖြင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားပါမည်။

(ခ.၄) ကျေးရွာတွင် လျှပ်စစ်မီး၊ ရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းတို့ကို တိုးတက်ကောင်းမွန်စေရန် သက်ဆိုင်ရာဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ ကျေးရွာ၏ ဘက်စုံဖွံ့ဖြိုးရေးကဏ္ဍများ တိုးတက်စေရန် ကျေးရွာခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်ခေါင်းဆောင်များ ညှိနှိုင်းတိုင်ပင်၍ စီမံကိန်းရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

## (ဂ) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာအကြံပေးအဖွဲ့တို့နှင့် သက်ဆိုင်ရာ အစိုးရဌာနတို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြို့ပြင်ကျေးလက်ဒေသမှမကျန် လူမှုစီးပွား အဖွဲ့ အစည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်ရာအစိုးရဌာနတို့မှ ရှာဖွေ ချိတ်ဆက်ပေးနေသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့်နည်းပညာအကူအညီများသည် လွန်စွာအရေးပါပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာတစ်ရွာ ဖြစ်လာစေရန် သက်ဆိုင်ရာဌာန အသီးသီးတို့၏ ကူညီထောက်ပံ့မှု လိုအပ်သည်မှာ အမှန်ပင်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကို အကောင်အထည်ဖော် လုပ်ဆောင်မှုများကိုလည်း ပြန်လည်သုံးသပ်ခြင်း၊ အတည်ပြုလုပ်ဆောင်နေသော ဖွံ့ဖြိုးရေးကဏ္ဍများကို အခါအားလျော်စွာ စစ်ဆေးသွားပါမည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ငွေကြေးစီမံချက်ရေးဆွဲ၍ အစီအစဉ်တကျ ဆောင်ရွက်ရန်မှာ လွန်စွာအရေးပါသည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် နှမ်း၊ ပဲတီစိမ်းအပြင် ကြက်သွန်၊ ပဲစဉ်းငုံနှင့် ကုလားပဲ၊ မြေပဲတို့ကို ရာသီအလိုက် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးများထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်များ လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနနှင့် စိုက်ပျိုးရေးသုံးဆေးကုမ္ပဏီများမှ ဆေးစနစ်တကျ သုံးစွဲခြင်းနှင့် နည်းပညာအကူအညီရရှိသော်လည်း စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်မှု အားနည်းသည်။ သို့ဖြစ်၍ သီးနှံအရည်အသွေးနိမ့်၍ အထွက်နှုန်းလျော့နည်းခြင်းတို့ကြောင့် တောင်သူများဝင်ငွေလျော့နည်းမှုများ ကြုံတွေ့ရသည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်နည်းမှန်၊ ဆေးသုံးစနစ်မှန်၊ မျိုးမှန်စေရန် ကူညီဆောင်ရွက်ပေးရန် အထူးပင်လိုအပ်သည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ကျေးရွာနေတောင်သူအများစုသည် စိုက်ပျိုးရေးစရိတ်များ အသုံးချရမှုများပြား၍ ငွေကြေးအခက်အခဲ၊ အကျပ်အတည်းများ ကြုံကြရသည်။ ထိုအခက်အခဲများ ပြေလည်စွာ ဖြေရှင်းနိုင်စေရန် စိုက်ဘဏ်မှ ယာမြေ ၁ ဧက စိုက်စရိတ်ထုတ်ချေးငွေနှင့် ထုတ်ချေးကာလ တို့ကို ပြောင်းလဲတိုးမြှင့် ထုတ်ချေးသင့်သည်မှာ အမှန်ပင်ဖြစ်သည်။ ထုတ်ချေးကာလ အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေဆိုသော်လည်း သီးနှံရိတ်သိမ်းကာလနှင့် လွန်စွာနီးကပ်နေပါသည်။ သို့ဖြစ်ပါ၍ အမှန်ပင်လိုအပ်နေသော စိုက်ပျိုးချိန်တွင် ပြင်ပမှ အတိုးနှုန်းမြင့်မားသော ချေးငွေကို ရယူရသဖြင့် ငွေရေးကြေးရေးအဆင်မပြေမှုများ များစွာကြုံကြရသည်။ စိုက်ဘဏ်မှ

ထုတ်ဈေးကာလပြောင်းခြင်း၊ ဈေးငွေပမာဏတိုးဈေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သင့်ပါသည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာအတွင်း အသေးစားစက်မှုလက်မှု လုပ်ငန်းများအနေဖြင့် အသင့်အတင့်ဖွံ့ဖြိုးမှုရှိပါသည်။ ကျေးရွာသည် လုပ်ငန်းပိုင်းဆိုင်ရာ ဈေးကွက်နှင့် သတင်းအချက်အလက်များ ဆက်သွယ်ရန် လက်လှမ်းမီမှု အားနည်းချက်များရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကျေးရွာတစ်ခုလုံး၏ ကွဲပြားနေသောလုပ်ငန်းများကြောင့် လုပ်ငန်းစီမံခန့်ခွဲရေး ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအချိန်ထိ အဆင်သင့် မတွေ့ရသေးပါ။ ကျေးရွာတွင် တစ်နှစ်ပတ်လုံး စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့များဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်အစိုးရအနေဖြင့် အထောက်အပံ့များ လိုအပ်နေပါသည်။

### (င) ကျေးလက်ဈေးဆောက်လုပ်ရေး

ကျေးရွာတွင် လက်လီလက်ကား အရောင်းဆိုင်များ ရှိကြပါသည်။ ဈေးရုံများ သီးသန့်ဆောက်လုပ်ထားခြင်း မရှိပါ။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေးကဏ္ဍ | ကျေးရွာတွင်းလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | - ကျေးရွာမှ လမ်းကော်မတီ ဖွဲ့စည်းခြင်း<br>- မုန်တောင်၊ ရွှေတပင် ကျေးရွာချင်းဆက် အသစ်ဖောက်လုပ်ရန် အစိုးရထံတင်ပြတောင်းဆိုခြင်း<br>- ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးလက်ဦးစီးဌာန |
| ပညာရေးကဏ္ဍ | အလကခွဲမှ အထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် | ၉၆ | ၂ | - ကျောင်းအဆင့်မြှင့်တင် နိုင်ရန် ပညာရေးဌာနနှင့် ချိတ်ဆက်ခြင်း<br>- ပညာရေးကို အထောက်အပံ့ပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- ကျေးရွာလူထုထံမှ ရန်ပုံငွေကောက်ခံခြင်း | ပညာရေးဦးစီးဌာန |
| ကျန်းမာရေးကဏ္ဍ | တိုက်နယ်ဆေးရုံတွင် လိုအပ်သော ပစ္စည်းများ တောင်းခံခြင်း | ၈၉ | ၃ | - ကျန်းမာရေး အကျိုးဆောင်အဖွဲ့ဖွဲ့စည်းခြင်း<br>- ကျန်းမာရေးပညာပေး နှင့် သင်တန်းများ ဖွင့်လှစ်ခြင်း<br>- ကျန်းမာရေးဆိုင်ရာ အသုံးအဆောင်များ ရရှိအောင် ဆောင်ရွက်ခြင်း | ကျန်းမာရေးဦးစီးဌာန |

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| မီးလင်းရေးကဏ္ဍ | ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း | ၈၂ | ၄ | - ကျေးရွာကော်မတီ ဖွဲ့စည်းခြင်း<br>- ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- လျှပ်စစ်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း<br>- ကျေးရွာရံပုံငွေကောက်ခံခြင်း | လျှပ်စစ်ဦးစီးဌာန |
| စိုက်ပျိုးရေးကဏ္ဍ | မျိုးကောင်းမျိုးသန့် ရရှိအောင် ဆောင်ရွက်ခြင်း | ၇၇ | ၅ | - မျိုးကောင်းမျိုးသန့်များ စုပေါင်းဝယ်ယူရန် စီစဉ်ဆောင်ရွက်ခြင်း<br>- စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍မျိုးပင်များ ဝယ်ယူစိုက်ပျိုးခြင်း<br>- စိုက်ပျိုးရေးနည်းပညာ များ ပိုမိုတိုးတက်စွာ ရရှိရန် ဆောင်ရွက်ခြင်း | စိုက်ပျိုးရေးဦးစီးဌာန |
| မွေးမြူရေးကဏ္ဍ | မွေးမြူရေးဆိုင်ရာ နည်းပညာများရရှိအောင် ဆောင်ရွက်ခြင်း | ၇၆ | ၆ | - မွေးမြူရေးအတွက် ချေးငွေလုံလောက်စွာ ရရှိအောင် ပြင်ပအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ခြင်း<br>- မွေးမြူရေးဆိုင်ရာ နည်းပညာပေးခြင်း၊ မွေးမြူရေးဆိုင်ရာ ဝန် ဆောင်မှုများ ပြည့်ဝစွာ ရရှိအောင် ဆောင်ရွက်ခြင်း | မွေးမြူရေးဦးစီးဌာန |

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုကဏ္ဍ | စိုက်ပျိုးရေးစရိတ် လုံလောက်စွာ ရရှိအောင် ဆောင်ရွက်ခြင်း | ၇၃ | ၇ | - စိုက်/ဘဏ်မှ ချေးငွေ ပိုမိုရရှိရေး တင်ပြခြင်း<br>- သွင်းအားစုများအား ကုမ္ပဏီနှင့် တိုက်ရိုက် ဆက်သွယ်၍ တင်သွင်းနိုင်ရေး ချိတ်ဆက် ဆောင်ရွက်ခြင်း<br>- စိုက်ပျိုးစရိတ် လုံလောက်စွာ ရရှိအောင် ချေးငွေပေးသောအဖွဲ့ များနှင့် ချိတ်ဆက်၍ အကူအညီရယူခြင်း | စိုက်ဘဏ် |
| သဘာဝဘေး အန္တရာယ်လျှော့ချ ရေးကဏ္ဍ | ရေလွှဲရေကာတာများ ဆောက်လုပ်ခြင်း | ၆၇ | ၈ | - သက်ဆိုင်ရာဌာနများ၏ ပညာရှင်များနှင့် ချိတ်ဆက်ပြီး အကြံဉာဏ် များတောင်းခံခြင်း<br>- ကျေးရွာ နေပြည်သူများ အခြား ပြင်ပအဖွဲ့ အစည်းများ နှင့်ပူးပေါင်း ၍ ရေလွှဲရေကာဒါများ တည်ဆောက်ခြင်း | ဆည်မြောင်း ဝန်ကြီးဌာန |
| စိုက်/မွေးမဟုတ် သော ဝင်ငွေရ လုပ်ငန်းများ | အလုပ်အကိုင်အခွင့် အလမ်းများ ရရှိအောင် ဆောင်ရွက်ခြင်း | ၆၂ | ၉ | - NGO ၊အခြားပြင်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း<br>- အသက်မွေးသင်တန်း များဖွင့်လှစ်ပေးနေသော ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း | ကျေးလက် ဦးစီးဌာန |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေးအဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၁ | ✔ | ✔ | ✔ | ✔ | ✔ |
| ၂ | အလကခွဲမှ အထက်တန်းကျောင်းအဖြစ်အဆင့်မြှင့်တင်ပေးရန် | ၂ | ✔ | - | - | - | - |
| ၃ | တိုက်နယ်ဆေးရုံတွင် လိုအပ်သောပစ္စည်းများ တောင်းခံခြင်း | ၃ | ✔ | - | - | - | - |
| ၄ | ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း | ၄ | ✔ | ✔ | ✔ | ✔ | - |
| ၅ | မျိုးကောင်းမျိုးသန့် ရရှိအောင်ဆောင်ရွက်ခြင်း | ၅ | - | ✔ | ✔ | ✔ | ✔ |
| ၆ | မွေးမြူရေးဆိုင်ရာ နည်းပညာများရရှိအောင် ဆောင်ရွက်ခြင်း | ၆ | ✔ | ✔ | ✔ | - | - |
| ၇ | စိုက်ပျိုးရေးစရိတ် လုံလောက်စွာရရှိအောင် ဆောင်ရွက်ခြင်း | ၇ | ✔ | ✔ | ✔ | ✔ | ✔ |
| ၈ | ရေလွှဲရေကာတာများ ဆောက်လုပ်ခြင်း | ၈ | - | - | ✔ | ✔ | ✔ |
| ၉ | အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ခြင်း | ၉ | ✔ | ✔ | ✔ | – | – |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ- လုပ်အား၊သဲ၊ကျောက်၊ပစ္စည်း ကိရိယာ၊အချိန် စသည်)

### စီမံချက်ဘတ်ဂျတ်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်းများကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၅၀၀ | ၁၀ သိန်း | ၄၈၈ သိန်း | - | ၂ သိန်း |
| ၂ | အလကခွဲမှ အထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် | ၈၃၀ | ၂၇ သိန်း | ၇၉၂ သိန်း | ၇ သိန်း | ၄ သိန်း |
| ၃ | တိုက်နယ်ဆေးရုံတွင် လိုအပ်သော ပစ္စည်းများ တောင်းခံခြင်း | ၂၀၀ | ၅ သိန်း | ၁၈၅ သိန်း | - | ၁၀ သိန်း |
| ၄ | ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက် ခြင်း | ၂၀၀၀ | ၁၂ သိန်း | ၁၉၈၈ သိန်း | - | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | မျိုးကောင်းမျိုးသန့် ရရှိအောင် ဆောင်ရွက်ခြင်း | ၅၀၀ | ၇ သိန်း | ၄၈၈ သိန်း | ၅ သိန်း | - |
| ၆ | မွေးမြူရေးဆိုင်ရာ နည်းပညာများ ရရှိအောင် ဆောင်ရွက်ခြင်း | ၁၀၀၀ | ၁၀ သိန်း | ၉၇၆ သိန်း | ၇ သိန်း | ၇ သိန်း |
| ၇ | စိုက်ပျိုးရေးစရိတ် လုံလောက်စွာ ရရှိအောင် ဆောင်ရွက်ခြင်း | ၁၀၀၀ | ၃ သိန်း | ၉၉၀ သိန်း | ၅ သိန်း | ၂ သိန်း |
| ၈ | ရေလွှဲရေကာတာများ ဆောက်လုပ်ခြင်း | ၅၀၀ | ၁၀သိန်း | ၄၈၅ သိန်း | - | ၅ သိန်း |
| ၉ | အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ခြင်း | ၁၀၀ | ၅ သိန်း | ၉၀ သိန်း | ၅သိန်း | - |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါ သည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူ ပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက် စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီ အစဉ်များထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက် ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင် အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက်များသည်

စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင်ကြုံတွေ့ နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

### (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေ

အနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်း ကိုလည်းရရှိပါ မည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများ ကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၄ | ၆ | ၂၀ | ၁.၅% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၃၈ | ၂၅ | ၆၃ | ၄.၇% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသား အရွယ် | ၄၇ | ၄၂ | ၈၉ | ၆.၆% |
| ၉ နှစ်အထက်မှ ၁၅ နှစ်အထိ | အလယ်တန်းကျောင်း သားအရွယ် | ၅၇ | ၅၉ | ၁၁၆ | ၈.၆% |
| ၁၅ နှစ်အထက်မှ ၆၀နှစ်အထိ | အလုပ်လုပ်နိုင်သည့် အရွယ် | ၄၁၄ | ၄၅၄ | ၈၆၈ | ၆၄.၇% |
| ၆၀နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၆၉ | ၁၁၇ | ၁၈၆ | ၁၃.၉% |
| **စုစုပေါင်း လူဦးရေ-၁၃၄၂** | | **၆၃၉** | **၇၀၃** | **၁၃၄၂** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု -၂၈၉** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၄.၄ဦး** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မုန်တောင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၂၈၉စု ရှိ၍ စုစုပေါင်းလူဦးရေမှာ ၁၃၄၂ယောက် ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်မှာ ၈၆၈ ယောက်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၆၄.၇% ရှိပါသည်။ မူလတန်း ကျောင်းသားအရွယ်မှာ ၈၉ ယောက်ရှိပြီး စုစုပေါင်း၏ ၆၆% အလယ်တန်း ကျောင်းသားအရွယ်မှာ ၁၁၆ယောက်ရှိပြီး စုစုပေါင်း၏ ၈.၆% ရှိပါသည်။ သက်ကြီးရွယ်ကြီးအရွယ်မှာလည်း ၁၈၆ ယောက်ရှိပြီး စုစုပေါင်း၏ ၁၃.၉% ရှိပါသည်။ ၅နှစ်အောက်ကလေးမှာ ၄.၇% ရှိပြီး စုစုပေါင်းလူဦးရေမှာ ၆၃ ယောက်ရှိပါသည်။ ၁နှစ်အောက်နို့စို့အရွယ်မှာ ၁.၅% ရှိပြီး စုစုပေါင်း ၂၀ ယောက် ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု ၂၈၉ စုရှိပြီး တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ ၄.၄ ယောက်ရှိပါသည်။ ကျွန်တော်တို့ရွာတွင် အလုပ်လုပ်ကိုင်နိုင်သည့်အရွယ်မှာ ရာခိုင်နှုန်းအများဆုံးဖြစ်နေသည့်အတွက်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်နိုင်သူများ ပေါများပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ ၄ ဦးရှိသည့်အတွက်ကြောင့် နိုင်ငံတော်မှသတ်မှတ်ထားသော တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေထက် လျော့နည်းပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃၃ | ၄၉.၀၈ | ၂၄၈ | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀၇ | ၃၉.၄၈ | ၂၀၆ | ၁၃ | - |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ၂ | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၄ | မွေးမြူရေး CP ကုမ္ပဏီ |
| ၃ | ငါးဖမ်း လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | - | ဆီကြိတ်စက် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁.၈၅ | ၉ | ၁ | ပန်းပဲ၊ ပန်းရံ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၁.၄၈ | ၈ | ၃ | ပန်းပဲ၊ ပန်းရံ |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၀.၇၄ | ၂ | - | စက်ပြင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၃ | စာအုပ်<br>ငှား-၁<br>စက်ချုပ်-၂ |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၂.၅၈ | ၉ | ၄ | ဈေးရောင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၁၅ | ဈေးရောင်း |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ | - | | - | ၂ | စားသောက်ဆိုင်-၂ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | - | | | |
| ၁၂ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၃၇ | ၁ | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၁ | - |
| ၁၃ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၄ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၃၇ | ၁ | ၆ | စစ်သား-၄ဦး<br>စက်မှု-၁<br>စိုက်ပျိုး ရေးရုံး-၁ |
| ၁၆ | ပညာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၀.၇၄ | ၂ | ၂၅ | ဆရာမ-၂၆<br>ပညာရေး-၁ ဦး |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၃ | ကြီးကြပ်(၁)-၂ဦး |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၉ | ၃.၃၂ | ၂၀ | ၅၁ | ထိုင်း/မလေး/ဂျပန် |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၁ | ကုမ္ပဏီ-၁ |
| | **စုစုပေါင်း** | ၂၇၁ | ၁၀၀ | ၅၀၇ | ၁၃၄ | - |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးကိုယ်ပိုင်လုပ်ကိုင်သော အိမ်ထောင်စု (၁၃၃)စုရှိပြီး အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမားလုပ်ကိုင်သည့် အိမ်ထောင်စု (၁၀၇)စုရှိပါသည်။ ထုတ်ကုန်လုပ်ငန်း လုပ်ကိုင်သည့်အိမ်ထောင်စု (၁)စုရှိ ပါသည်။ ဆောက်လုပ်ရေး၊ လက်သမားလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၉)စု၊ လက်လီ လက်ကား

ဈေးရောင်းလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု (၇)စုရှိပါသည်။ ယာဉ်မောင်း (အငှား)လုပ်ကိုင်သည့် အိမ်ထောင်စု(၁)စုရှိပါသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အနေ ဖြင့် စိုက်ပျိုးရေးရုံးဝန်ထမ်း၊ စက်မှု၊ စစ်မှုထမ်း၊ ပညာရေးဝန်ထမ်း၊ ကျန်းမာရေး ဝန်ထမ်း တို့ ရှိကြပါသည်။ ထိုင်း၊ မလေးရှားနှင့် ဂျပန်တို့တွင် သွားရောက်လုပ်ကိုင်သူနှင့် ကုမ္ပဏီ ဝန်ထမ်း စသည်တို့လည်း လုပ်ကိုင်ကြပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး(ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၂၅၀၀ | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၃၀၀၀ | ၃၀၀၀ | - | - | - |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၃၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | - | ၂၀၀၀ | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး(ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | – |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | – |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာ၏ အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထားများမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် ယောကျာ်း(၁)ဦး၏ လုပ်အားခမှာ (၃၀၀၀) မှ (၅၀၀၀)ထိရှိပြီး မိန်းကလေးလုပ်အားခမှာ (၂၅၀၀) မှ (၃၅၀၀)အထိရရှိသည်။ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သည့် ယောကျာ်း(၁)ဦး၏ လုပ်အားခမှာ ၃၅၀၀ ကျပ်မှ ၆၀၀၀ ကျပ် ဖြစ်ပြီး မိန်းကလေးမှာ (၃၀၀၀)မှ (၄၀၀၀)အထိရရှိပါသည်။ ယာဉ်၊ စက်ကိရိယာပြင်ဆင်ရေး လုပ်ငန်းတွင် (၂၀၀၀)မှ (၅၀၀၀) ထိရှိပြီး လက်လီ လက်ကားရောင်းဝယ်ရေး၊ ဆံပင်၊ အလှ ပြင်၊ အပ်ချုပ်လုပ်ငန်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းတွင် လုပ်ကိုင်သည့် လုပ်အားခ မှာ (၁၅၀၀)အထိရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့် /ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | – | – | – | – |
| ယာမြေ /တောင်ယာ | ၁၂၃၅ | သင့် | မရ | မြေအောက်ရေ |
| ဥယျာဉ်ခြံမြေ | – | – | – | – |
| အိမ်ခြံဝင်း စိုက်ခင်း | – | – | – | – |
| နှစ်ရှည်သီးနှံစိုက်ခင်း | – | – | – | – |
| ရွှေ့ပြောင်းတောင် ယာမြေ | – | – | – | – |
| ကိုင်း/ကျွန်းမြေ | – | – | – | – |
| စားကျက်မြေ | – | – | – | – |
| ပလပ်မြေ | – | – | – | – |
| အခြား | – | – | – | – |
| စုစုပေါင်း | ၁၂၃၅ | သင့် | – | – |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

မှတ်ချက်။ ။ ရေရရှိသည့် နေရာအမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေဖြင့် ယာမြေ (၁၂၃၅) ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ရှိပါသည်။ ဆည်ရေရရှိမှု မရှိပါ။ ကျေးရွာ၏ စိုက်ပျိုးမြေ(၁၂၃၅)ဧကအနက်မှ ဧက(၂၀၀)ခန့်မှာ မြေအောက်ရေရရှိ ပါသည်။ ကျေးရွာ၏

အနောက်ဘက်ရှိ စိုက်ပျိုးမြေဧကများမှာ ဆားပွက်ရေတိုက်စားမှု များကြောင့် တစ်နှစ်ထက်တစ်နှစ် လျော့နည်းဆုံးရှုံးမှုများရှိပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | ခက် |
| အခြား ရင်းမြစ်များ | မရှိ | လက်လှမ်းမမီ |
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ) | များ | လွယ် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြား သဘာဝရင်းမြစ်များ မရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှု အသင့်အတင့်ရှိပြီး ရရှိရန် ခက်ခဲပါသည်။ သဘာဝအပင်မျိုးစိတ်များ ရရှိနိုင်မှုများပါသည်။ ရရှိရန် လွယ်ကူပါသည်။

## (၁.၄)	ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေ သော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၃ဧက | ၇ ဧက | ၃ ဧက | - |
| အိမ်အခြေအနေ | တိုက်ခံ/ ပျဉ်ထောင် | လေးပင်အိမ် | သုံးပင်/ ထရံကာ | သုံးပင်အိမ်အသေး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက် | ခြွေလှေ့စက် | ခြွေလှေ့စက် | - |
| ကုန်ထုတ်လုပ်မှု နှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊သုံးဘီး၊ ဆိုင်ကယ်၊တီဗွီ၊ဖုန်း | ဆိုင်ကယ်၊ တီဗွီ၊ ဖုန်း | ဆိုင်ကယ်၊ တီဗွီ၊ ဖုန်း | ဖုန်း |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ ကြီး | တောင်သူ လတ် | တောင်သူ ငယ် | ကျပန်း |
| အခြားပိုင်ဆိုင်မှု | - | - | - | - |
| အိမ်ထောင်စု - | ၂၄(၈.၃၀%) | ၆၄ (၂၂.၁၅%) | ၁၀၄ (၃၅.၉၉%) | ၉၇(၃၃.၅၆%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ဥစ္စာဓနအဆင့်အနေဖြင့် အဆင်ပြေ သော အိမ်ထောင်စု၏ မြေပိုင်ဆိုင်မှုမှာ (၁၃) ဧကဖြစ်ပြီး တိုက်ခံ/ပျဉ်ထောင်၊ ထွန်စက်၊ ကား၊ သုံးဘီး၊ ဆိုင်ကယ်၊ TV စသည်တို့ ပိုင်ဆိုင်၍ အဓိကစီးပွားရေးလုပ်ငန်းမှာ တောင်သူကြီးများ ဖြစ်ကြပါသည်။ အလယ်အလတ်ရှိ အိမ်ထောင်စု၏ မြေဧကပိုင်ဆိုင်မှုမှာ (၇) ဧကရှိပြီး လေးပင်အိမ်၊ ခြွေလှေ့စက်၊ ဆိုင်ကယ်၊ ဖုန်း ၊ TV စသည်တို့ပိုင်ဆိုင်၍ အဓိကစီးပွားရေး လုပ်ငန်းမှာ တောင်သူလတ်များ ဖြစ်ကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုမှာ စိုက်ပျိုးမြေ (၃) ဧကထိ ပိုင်ဆိုင်၍ သုံးပင်အိမ်၊ ခြွေလှေ့စက်၊ ဖုန်း၊ ဆိုင်ကယ်၊ TV တို့ပိုင်ဆိုင်ပြီး အဓိက စီးပွားရေးလုပ်ငန်းမှာ တောင်သူငယ်များ ဖြစ်ကြပါသည်။ အလွန်ဆင်းရဲသော မိသားစုမှာ သုံးပင်အိမ်အသေး၊ နွားလှည်း၊ ဖုန်းတို့ရှိပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ ကျပန်းများ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၅၅ | ၉၁.၆၇ % | ချေးယူ |
| ၃ လနှင့် ၆ လအောက် | - | - | - |
| ၆ လ မှ ၁၂ လ အထိ | ၅ | ၈.၃၃% | လျှော့စား၍ တစ်နှစ်ပတ်လုံး ဖူလုံနိုင်ရန် ဆောင်ရွက်ခြင်း |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် ချေးငွေယူ၍ စားသောက်နေရသော ၃လအောက် အိမ်ထောင်စု (၅၅)စုရှိပါသည်။ ၎င်းတို့သည် ချေးယူပြီး စားဝတ်နေရေးအတွက် ဖြေရှင်းနေကြပါသည်။ ၆လ မှ ၁၂လ အထိ ဝမ်းစာဖူလုံမှုမှာ အိမ်ထောင်စု

(၅)စုရှိပြီး လျှော့စား၍ ဖြေရှင်းကြကြောင်း သိရပါသည်။

(၁.၅.၂)　　ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၂ | ၄ | ၆ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | ၂ | ၃ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင် လုပ်ကိုင်နေ သည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။　　　။ကျွန်တော်တို့ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် ကျား(၂)ဦး၊ မ (၄)ဦးရှိပါသည်။ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်များ ကျား(၁)ဦး၊ မ (၂)ဦးရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၂)စုရှိပါသည်။ ၎င်းမိသားစုများသည် ထိခိုက်လွယ်မှု အခြေအနေရှိသည့် မိသားစုများဖြစ်ကြသည်။

(၁.၅.၃)　　ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် | စီးပွားရေးကျပ်တည်းမှုကြောင့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် | ရေတိုက်စားမှုကြောင့် မြေကေ များဆုံးရှုံးပါသည်။ |
| ၃ | ရေကြီးခြင်း | မြင့် | ရေကြီးသည့်အတွက် ချောင်းကမ်းပါးတိုက်စားမှု အခြေအနေရှိသည်။ |
| ၄ | မိုးခေါင်ခြင်း | မြင့် | သီးနှံများ ပျက်ဆီးဆုံးရှုံးခြင်း |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | အပူပိုင်းဒေသဖြစ်ခြင်းကြောင့် |
| ၆ | မုန်တိုင်း | နိမ့် | ကုန်းတွင်းပိုင်းဖြစ်ခြင်း |
| ၇ | ငလျင် | နိမ့် | - |
| ၈ | မီးဘေး | နိမ့် | မီးဘေးကြိုတင်ကာကွယ်မှုရှိခြင်း |
| ၉ | ဆားငန်ရေဝင်မြေ | - | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် | ချောင်းကမ်းပါးပြိုခြင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | တောင်ယာများခုတ်ခြင်း၊ထင်းကို လောင်စာအဖြစ်သုံးခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | - |
| ၁၃ | တီဘီရောဂါ | နိမ့် | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - | - |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | ကြိုတင်ကာကွယ်မှုရှိခြင်း |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | မြင့် | ချောင်းရေကျခြင်း၊ မိုးသည်းထန် စွာရွာခြင်း၊ လမ်းပမ်းဆက်သွယ် ရေး ခက်ခဲခြင်း |
| ၁၉ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် ထိခိုက်လွယ်မှုအခြေအနေမှာ စီးပွားရေး ကျပ်တည်းမှုကြောင့် စားနပ်ရိက္ခာ မလုံလောက်ပါ။ သဘာဝအရင်းအမြစ် ရှားပါး မှု မြင့်မားပါသည်။ ရေတိုက်စားမှုများ ကြုံတွေ့ရပြီး မြေကေမျာနှင့် သီးနှံများလည်း ဆုံးရှုံး ရပါသည်။ ရေကြီးခြင်းကြောင့် ချောင်းကမ်းပါးတိုက်စားမှုများရှိပြီး သစ်တောများ ပြုန်းတီး ခြင်းမှာ တောင်ယာခုတ်ထွင်းခြင်းနှင့် လောင်စာအဖြစ် ထင်းကိုအသုံးပြုခြင်းတို့ကြောင့် ဖြစ်ပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုမှာ ကြိုတင်ကာကွယ်မှုရှိခြင်းကြောင့် ရောဂါကျရောက်မှု နည်းပါးသည်။ မြို့နှင့်ဝေးကွာ၍ မိုးတွင်းကာလတွင် ချောင်းရေကျမှု ကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုရှိပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | ပညာတတ်များသော်လည်း |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | | | ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြသည်။ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | မိသားစုဦးရေနည်းပါး၍ လုပ်ကိုင်နိုင်သူများခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | ရာသီအလိုက် လုပ်ကိုင်ရခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | - | - |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | - | - |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | - | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | - | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | - | - |
| ၉ | ငါးကန်ပိုင်ရှင် | - | - |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | လုပ်အားခလျော့နည်းခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | - | - |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | - |
| ၁၄ | ရွှေတွင်းလုပ်သား | - | - |
| ၁၅ | ဆေးစွဲသူများ | - | - |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | - | - |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | - | - |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် | ပြည်ပတွင် အလုပ်လုပ်ကိုင် ရခြင်း |
| ၂၀ | ကားသမား | မြင့် | အချိန်မရွေးထိခိုက်နိုင်ခြင်း |
| ၂၁ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ကျေးရွာတွင် လူငယ်အများစုသည် ပညာတတ်များ သော်လည်း ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်းကြောင့် ထိခိုက်မှုအသင့်တင့်ရှိပါသည်။ အမျိုး သမီးဦးဆောင်သည့် အိမ်ထောင်စုများမှာ မိသားစုဦးရေနည်းပါး၍ လုပ်ကိုင်နိုင်သည့်သူ များ ခြင်းကြောင့် ထိခိုက်မှု အနည်းငယ်သာရှိပါသည်။ မြေယာမဲ့၊ ဆင်းရဲသားတောင်သူများမှာ ရာသီအလိုက်သာ လုပ်ကိုင် ရခြင်းကြောင့် ထိခိုက်မှုအများအပြားရှိသည်။ လက်လုပ်လက်စား၊ ကျပန်းများသည် လုပ်အားခလျော့ နည်းခြင်းကြောင့် ထိခိုက်မှုအလွန်များပြားသည်။ ရွှေ့ပြောင်းလုပ်သားများသည် ပြည်ပတွင် အလုပ်လုပ် ကိုင်ရခြင်းကြောင့် ထိခိုက် လွယ်မှု မြင့်မား ပါသည်။ ကားသမားများသည် ယာဉ်အန္တရာယ်ရှိခြင်းကြောင့် ထိခိုက်မှုမြင့်မားပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဂေါပကအဖွဲ့ | ၃ | ၈ | - | ၈ | ဘာသာရေး လုပ်ငန်း | ၄ | ၇ |
| ၂ | ကျောင်း အကျိုးတော် ဆောင်အဖွဲ့ | ၂ | ၈ | - | ၈ | ပညာရေးဖွံ့ဖြိုး ရေးလုပ်ငန်း | ၄ | ၆ |
| ၃ | အနာဂတ် ရောင်ခြည် | ၂ | ၂၀ | ၁၀ | ၃၀ | သာရေး၊နာရေး | ၄ | ၆ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်း

ထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဂေါပကအဖွဲ့အစည်းများသည် ဘုရားကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို စည်းလုံးညီညွတ်စွာ ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့အစည်းများမှာလည်း ကျောင်း၏လိုအပ်ချက်များကို အစဉ် တစိုက် ဆောင်ရွက်လျက်ရှိသည်။ အနာဂတ်ရောင်ခြည် ပရဟိတအသင်းသူ/သား များသည် လည်း ကျေးရွာ၏လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် လျက် ရှိပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Pact Myanmar | ၂ | အသေးစားငွေစုငွေချေးလုပ်ငန်း |
| ၂ | – | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ယခုလက်ရှိ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းမှာ Pact Myanmar အဖွဲ့ဖြစ်ပါသည်။ ဤအဖွဲ့ အစည်း၏ လုပ်ငန်းတာဝန်များမှာ စိုက်ပျိုးရေး၊ မွေးမြူရေးအနေဖြင့် ငွေစု၊ ငွေချေးလုပ်ငန်း များကို

လုပ်ဆောင်လျက်ရှိသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၀၃ | ၃၆% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၂၈ | ၁၀% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၃၂ | ၁၁% | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၁၁၁ | ၃၈% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | ၁၅ | ၅% | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၂၈၉ | ၁၀၀% | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု(၂၈၉)စုရှိသည့်အနက် မြေယာမဲ့အိမ်ထောင်စု(၁၀၃)စု၊ ၂.၅ ကေအောက်မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု(၂၈)စု၊ ၂.၅ ကေမှ ၅ ကေအထိမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု(၃၂)စု၊ ၅ ကေမှ ၁၂.၅ ကေကြား မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု (၁၁၁)စု၊ ၁၂.၅ကေ အထက်ပိုင်ဆိုင်သည့် အိမ်ထောင်စု (၁၅)စုတို့ရှိပါသည်။

(၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - | - |
| ၄ | အဝီစိတွင်း | ပုဂ္ဂလိက | ၂၁၀ | တစ်နှစ်ပတ်လုံး | ရှိ |
| ၅ | လက်ငင်ရေတွင်း | - | - | - | - |
| ၆ | စိမ့်စမ်းရေ | - | - | - | - |
| ၇ | ချောင်းရေ | - | - | - | - |
| ၈ | အခြား | - | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဝီစိရေတွင်းများဖြင့်သာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါသည်။ သို့သော်ဧက(၂၁၀)ခန့်သာ အဝီစိတွင်း ရေဖြင့် စိုက်ပျိုးနိုင်ပါသည်။ ကျန်ဧကများမှာ သဘာဝမိုးရေဖြင့် စိုက်ပျိုးရပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက် ဧက | သီးနှံထွက်မှု | သီးနှံ စိုက်ပျိုး သည့် ကာလ | သွင်း အားစုလိုအပ် ချက် (နိမ့်/ လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု(နိမ့် / လတ်/ မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|

| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
|---|---|---|---|---|---|---|---|---|---|---|
| နှမ်း | ၄၀၀ | တင်း | ၄ | ၁၀ | ၈ | May | Aug | မြင့် | နိမ့် | ဈေးမကောင်း |
| ပဲတီစိမ်း | ၈၃၅ | တင်း | ၆ | ၁၂ | ၁၀ | May | Aug | လတ် | နိမ့် | ။ |
| ကြက်သွန် | ၆၀ | ပိဿာ | ၄၀၀၀ | ၇၀၀၀ | ၅၀၀၀ | Nov | Mar | မြင့် | မြင့် | ဈေးသင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် နှမ်းကို ဧက(၄၀၀) စိုက်ပျိုးပြီး ၁ဧက ပျှမ်းမျှထွက်နှုန်းမှာ (၈ တင်း)အထိထွက်ရှိပြီး သီးနှံဈေးမကောင်းခြင်းကြောင့် အမြတ် ရရှိမှု (နိမ့်)ဖြစ်ပါသည်။ ပဲတီစိမ်းမှာ ဧက(၈၃၅) စိုက်ပျိုးပြီး ၁ ဧက ပျှမ်းမျှ ထွက်နှုန်း မှာ (၁၀ တင်း)အထိထွက်ရှိပြီး သီးနှံဈေးမကောင်းခြင်းကြောင့် အမြတ်ရရှိမှု (နိမ့်)ဖြစ်ပါသည်။ ကြက်သွန်မှာ ဧက (၆၀) စိုက်ပျိုးပြီး ၁ ဧက ပျှမ်းမျှထွက်နှုန်းမှာ (၅၀၀၀ ပိဿာ)အထိ ထွက်ရှိပြီး သီးနှံဈေးအသင့်အတင့်ရှိ၍ အမြတ်ရရှိမှုမြင့်ပါသည်။

(၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၇ | - | - | - | - | ၇၀ | |
| လက်တွန်းထွန်စက် | - | - | - | - | - | - | - |
| အစေ့ချကိရိယာ | - | - | - | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - | - | - | - |
| ခြွေလှေ့စက် | ၈ | - | - | - | - | - | - |
| ရေစုပ်စက် | - | - | - | - | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - | - | - | - |
| အခြား | - | - | - | - | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးသုံးစက် ကိရိယာပိုင်ဆိုင်မှု အနေဖြင့် တစ်ဦးချင်းပိုင် ထွန်စက်(၇)စီး၊ ၎င်းကို ငှားရမ်းလုပ်ကိုင်သူ (၇၀)ဦးရှိပါသည်။ ထို့ပြင် ခြွေလှေ့စက်(၁)လုံးလည်းရှိပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) | မြေဆီမြေသြဇာမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ |
| ရေရင်းမြစ် | မြေအောက်မှ ရရှိပါသည်။ |
| သဘာဝမြေဆွေး၊အော်ဂဲနစ် မြေသြဇာ | နွားချေး၊ဆိတ်ချေး၊ ဘိုကာရှီမြေဆွေးများမှရရှိပါသည်။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ် ဆေး | မင်းဘူးမြို့များတွင်ဝယ်ယူရရှိနိုင်ပါသည်။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | စိုက်ဘဏ်၊ Pact တို့မှ ချေးငွေများ ထုတ်ချေးပါသည်။ |
| နည်းပညာ၊အုပ်ချုပ်ရေး ပိုင်းဆိုင်ရာဝန်ဆောင်မှုများ | သြဘာ၊ အာမိုမြင်းကျားစိုက်ပျိုးရေးဆေးကုမ္ပဏီများမှ နည်းပညာပေးခြင်း |
| သွင်းအားစုဈေးကွက် | မင်းဘူးမြို့မှဝယ်ယူရရှိနိုင်ပါသည်။ |
| ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု | မင်းဘူး၊ မကွေးသို့ သွားရောက်ရောင်းချနိုင်ပါသည်။ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မြေဆီသြဇာမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ရေရင်းမြစ်အနေဖြင့် မိုးရေကိုသာ အဓိကသုံးစွဲပြီး အဝီစိရေကိုလည်း သုံးစွဲပါသည်။ သဘာဝမြေဆွေးများ အဖြစ်သစ်ရွက်ဆွေး၊ ဆိတ်ချေးနှင့် ဘိုကာရှီမြေဆွေး များအသုံးပြုပြီး အော်ဂဲနစ်ဓာတုပိုးသတ် ဆေးများကိုတော့ မင်းဘူးမြို့များသို့ အလွယ်တကူ သွားရောက်၍ ဝယ်ယူနိုင်ပါသည်။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများအနေဖြင့် စိုက်ဘဏ် နှင့်Pact မှရရှိပါသည်။

နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုအနေဖြင့် ဩဘာ၊ အာမို၊ မြင်း ကျား စသည့်ဆေးကုမ္ပဏီများမှ လာရောက်ပို့ချပါသည်။ သွင်းအားစုဈေးကွက်အနေဖြင့် မင်းဘူးမြို့၊ မှ ဝယ်ယူရရှိနိုင်ပါသည်။ ထုတ်ကုန်များကိုလည်း မင်းဘူးမြို့နှင့် မကွေးမြို့သို့ သွားရောက် ရောင်းချနိုင်ပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | **ချောင်းရေတိုက်စား၍ တိုးချဲ့၍ မရနိုင်ပါ။** |
| မြေဆီသြဇာ အခြေအနေ | **အသင့်အတင့်** |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | **စိုက်ဘဏ်နှင့် Pact Myanmar တို့မှ ချေးငွေရသော် လည်း လုံလောက်မှုမရှိပါ။** |
| စိုက်ပျိုးရေး သွင်းအားစု များအချိန်မီရရှိအသုံးချနိုင်မှု | **ကျေးရွာနှင့်မြို့ပေါ်ရှိဆိုင်များတွင်အကြွေးစနစ်ဖြင့်ဝယ်ယူရရှိခြင်း** |
| လုပ်သားရှားပါးမှု(ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | **ရှိပါသည်။ပြည်ပသို့လုပ်ကိုင်သူ များပြားခြင်း** |
| ရေရင်းမြစ်များ ရရှိနိုင်မှု | – |
| စိုက်ပျိုးရေ မလုံလောက်မှု | **မိုးခေါင်သည့်နှစ်များတွင် စိုက်ပျိုးရေ ခက်ခဲခြင်း** |
| ဖျက်ပိုးနှင့် ရောဂါ | **ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ပိုးများကျရောက်ခြင်း** |
| ဈေးကွက် လက်လှမ်းမီမှု | **ရှိပါသည်။** |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | **နည်းပါးခြင်း** |
| **အခြား** | – |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး**

ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့် စိန်ခေါ်မှုများမှာ ချောင်းရေတိုက်စားမှုကြောင့် စိုက်ပျိုးမြေ တိုးချဲ့နိုင်မှုမရနိုင်ပါ။ ငွေကြေး အရင်းအနှီးအနေဖြင့် စိုက်ဘဏ် နှင့် Pact Myanmar တို့မှ ချေးငွေရသော်လည်း လုံလောက် မှုမရှိပါ။ လုပ်သားရှားပါးမှုမှာ ပြည်ပသို့သွားရောက်လုပ်ကိုင်သူများ များပြားခြင်းကြောင့် ဖြစ်ပါသည်။ စိုက်ပျိုးရေမလုံလောက်မှုမှာ မိုးခေါင်သောကြောင့် ဖြစ်ပါသည်။ ရာသီဥတု ဖောက်ပြန်ခြင်းကြောင့် ပိုးများကျရောက်ခြင်းနှင့် ရောဂါများ ဖြစ်ပွားစေပါသည်။ နည်းပညာ အကူအညီနှင့် နည်းလမ်းများ လက်လှမ်းမီမှု အားနည်းပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| **ခိုင်းနွား** | ၁၁၀ | ၂၈၃ | - |
| **နို့စားနွား** | - | - | - |
| မြင်း | ၁ | ၁ | - |
| ကျွဲ | - | - | - |
| မြည်း | - | - | - |
| လား | - | - | - |
| ဆိတ် | ၂ | ၈၅ | - |
| သိုး | - | - | - |
| ဝက် | - | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| ကြက် | ၁၇၀ | ၅၅၇၀ | – |
| ဘဲ | – | – | – |
| နွားနောက် | – | – | – |
| အခြား | – | – | – |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | – | – | – |
| ပုဇွန်ကန် | – | – | – |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | – | – | – |
| ရေချို ငါးဖမ်းလုပ်ငန်း | – | – | – |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | – | – | – |
| အခြား | – | – | – |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေမှာ ခိုင်းနွားမွေးမြူရေးအိမ်ထောင်စု (၁၁၀)စုရှိပြီး နွားကောင်ရေ (၂၈၃)ကောင်၊ မြင်းမွေးမြူရေး အိမ်ထောင်စု (၁)စုရှိပြီး ကောင်ရေ (၁)ကောင်၊ ဆိတ် မွေးမြူရေးအိမ်ထောင်စု (၂)စုရှိပြီး ကောင်ရေ (၈၅)ကောင်နှင့် ကြက်မွေးမြူရေးအိမ်ထောင်စု (၁၇၀)စုရှိပြီး ကောင်ရေ (၅၅၇၀)ကောင် ရှိပါသည်။**

**(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | **စားကျက်မြေကျယ်ပြန့်မှုရှိ** |
| **ရေရရှိမှု** | **အဝီစိတွင်းမှ ရရှိခြင်း** |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | **ဒေသမျိုးများကို ဦးစားပေးဝယ်ယူခြင်း** |
| ချေးငွေ | Pact Myavmar **အဖွဲ့အစည်းများမှ ချေးငွေရခြင်း** |
| သွင်းအားစု ဈေးကွက် | **လက်လှမ်းမီ** |
| ဝန်ဆောင်မှု ဈေးကွက် | – |
| ထုတ်ကုန် ရောင်းဝယ်မှု | **ကျေးရွာသို့ လာရောက်ဝယ်ယူသူများသို့ ရောင်းချခြင်း** |
| **အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု** | မြေနေရာကျယ်ဝန်း၍ တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ |
| **အခြား** | **–** |
| **ငါးလုပ်ငန်း** | |
| **ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု** | – |
| **ချေးငွေ** | – |
| **သွင်းအားစု လက်လှမ်းမီမှု** | – |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | – |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ထုတ်ကုန် ရောင်းဝယ်မှု | – |
| အခြား | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးကဏ္ဍတိုးတက်စေရန် အတွက် အခွင့်အလမ်းများအနေဖြင့် စားကျက်မြေ ကျယ်ပြန့်မှုရှိခြင်း၊ မွေးမြူရေးအတွက် ရေရရှိမှု လုံလောက်ခြင်း၊ Pact Myanmar အဖွဲ့အစည်းများမှ ချေးငွေရခြင်း၊ သွင်းအားစုဈေး ကွက်မှာ အလွယ်တကူရရှိနိုင်ခြင်း၊ ထုတ်ကုန်များကို ကျေးရွာသို့ လာရောက်ဝယ်ယူသူများ ထံသို့ ရောင်းချနိုင်ခြင်း၊ မြေနေရာကျယ်ဝန်းပြီး တစ်နိုင်တစ်ပိုင် မွေးမြူနိုင်ခြင်းတို့ဖြစ် ပါသည်။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | Pact Myanmar မှ ချေးငွေရသော်လည်း လုံလောက်မှု မရှိပါ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | တိရစ္ဆာန်ဆရာဝန်နှင့် ကုသမှုအားနည်းခြင်း |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာပေးသောအဖွဲ့များ လာရောက်မှု မရှိခြင်း |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/လေလံလက်လှမ်းမီမှု | မရှိပါ။ |
| အခြား | – |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ငါးလုပ်ငန်း | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | – |
| ချေးငွေ ရရှိနိုင်မှု | – |
| အခြား | – |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအတွက် Pact Myanmar တို့မှ ချေးငွေရသော်လည်း လုံလောက်မှုမရှိပါ။ တိရစ္ဆာန်များ ရောဂါ ဖြစ်ပွားရာ တွင် ကျေးရွာရှိ နားလည်သူများနှင့်သာ ကုသရပါသည်။ တိရစ္ဆာန်ဆရာဝန်နှင့် ကုသမှုမှာ အနည်းငယ်သာ ရှိပါသည်။နည်းပညာအကူအညီနှင့် နည်းလမ်းများဟူ၍ မရရှိပါ။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/လေလံ လက်လှမ်းမီမှုမရှိပါ။**

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ် များထုတ်လုပ်ခြင်း | – | – | – | – |
| ၂ | ထုတ်ကုန်လုပ်ငန်း | – | – | ၁ | ဆီကြိတ်စက် |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | - | ၁၁ | ၁၀ | ပန်းရံ၊ ပန်းပဲ၊ လက်သမား |
| ၅ | ယာဉ်၊စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | - | - | ၂ | (ယာဉ်)ပြင် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | - | ၃ | - | - |
| ၇ | လက်လီ-လက်ကားရောင်း ဝယ်ရေး | - | ၁၅ | ၁၃ | ဈေးသည်-၁ဦး<br>ပဲလှော်-၁ဦး |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | - | ၂ | - | စားသောက်ကုန်-၂ဦး |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | - | ၁ | ၁ | - |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင် မှု လုပ်ငန်း) | - | - | - | - |
